ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အမျိုးသားညီညွတ်ရေးအစိုးရ

ပညာရေးဝန်ကြီးဌာန

ကြေညာချက်အမှတ်(၁၈/၂၀၂၁)

၂၀၂၁ ခုနှစ်၊ ဇွန်လ(၂) ရက်

## သင်ကြားရေးဝန်ထမ်းများ ခန့်ထားခြင်းနှင့် စေတနာ့ဝန်ထမ်းများ ဖိတ်ခေါ်ခြင်း

အမျိုးသားညီညွတ်ရေးအစိုးရ၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် ကြားကာလပညာသင်ကြားရေး အစီအစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဖော်ဆောင်ရာတွင် လတ်တလော ဖြစ်ပွားနေသော နိုင်ငံရေးအခြေအနေ၊ ကလေးသူငယ်များ၏ လုံခြုံရေးအခြေအနေနှင့် ကိုဗစ်ရောဂါ၏ ကူးစက်ပျံ့နှံ့မှုအခြေအနေကို ထည့်သွင်းတွက်ချက်ကာ ကြားကာလ အခြေခံပညာ သင်ကြားရေး အစီအစဉ်များကို ရေးဆွဲလျက် ရှိပါသည်။ ကြားကာလ ပညာသင်ကြားရေးအတွက် အွန်လိုင်းနှင့် မြေပြင် သင်ကြားရေးတွင် ကူညီနိုင်မည့် စေတနာ့ဝန်ထမ်း ဆရာ/ ဆရာမများစွာ လိုအပ်လျက်ရှိပါသည်။

ထို့ကြောင့် အမျိုးသားညီညွတ်ရေးအစိုးရ အနေဖြင့်

၁။ CDM ပညာရေး ဝန်ထမ်းများ

၂။ လုပ်ငန်းခွင်အကြိုဆရာဖြစ်သင်တန်း(PPTT)ဝင်ခွင့်အောင်မြင်ထားသူများ

၃။ PGDMA အပတ်စဉ်(၂၀) သင်တန်းဆင်းများ

အားလုံးကို ရက်တိုသင်တန်းများပေး၍ ကြားကာလပညာရေးအစီအစဉ်များအတွက် မြေပြင်ကြီးကြပ် သင်ကြားရေး ဆရာ/ဆရာမ အမြဲတမ်းဝန်ထမ်းများအဖြစ် ခန့်အပ်သွားမည်ဖြစ်ပြီး အဆင့်မြင့်ပညာ သင်ယူလျက်ရှိနေကြသော တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများကိုလည်း ကျောင်းများ ခေတ္တရပ်နားထားစဉ်ကာလအတွင်း စေတနာ့ဝန်ထမ်းဆရာ/ ဆရာမများအဖြစ် မိမိတို့ ဒေသအလိုက် ပါဝင် ကူညီပေးကြပါရန် လေးစားစွာ ဖိတ်ခေါ်အပ်ပါသည်။ စေတနာ့ဝန်ထမ်းအဖြစ် ပါဝင်လိုသူ တက္ကသိုလ် ကျောင်းသူ၊ ကျောင်းသားများအနေဖြင့် သက်ဆိုင်ရာ မြို့နယ်ရှိ အခြေခံပညာရေး ဘုတ်အဖွဲ့များ

အမျိုးသားညီညွတ်ရေးအစိုးရ၊ ပညာရေးဝန်ကြီးဌာန(Email: moe@nugmyanmar.org နှင့် basicedu@moe.nugmyanmar.org) သို့ ချိတ်ဆက်ဆောင်ရွက်ပေးကြပါရန် အလေးအနက် ပန်ကြားအပ်ပါသည်။

**(ပုံ)**

**ဒေါက်တာဇော်ဝေစိုး**

**ပြည်ထောင်စုဝန်ကြီး**

**ပညာရေးဝန်ကြီးဌာန**

**အမျိုးသားညီညွတ်ရေးအစိုးရ**